“သေသူ(၏အ လောင်း)သည် ထမ်းစင်ပေါ်ထားခြင်းခံရပြီး

ယင်းအား အမျိုးသားတို့က မိမိတို့၏ပခုံးများပေါ်တွင်ထမ်း၍ သယ်ဆောင်သွားကြသောအခါ၊ ထိုသေသူသည်

သူတော်ကောင်းဖြစ်လျှင် ‘ကျွန်ုပ်ကို ရှေ့သို့အမြန်ပို့ဆောင်ကြပါ’ ဟု ပြောဆို၏

အဗူစအီးဒ် ခုဒ်ရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ “သေသူ(၏အ လောင်း)သည် ထမ်းစင်ပေါ်ထားခြင်းခံရပြီး ယင်းအားအမျိုးသားတို့က မိမိတို့၏ပခုံးများပေါ်တွင် ထမ်း၍ သယ်ဆောင်သွားကြသောအခါ၊
ထိုသေသူသည် သူတော်ကောင်းဖြစ်လျှင် ‘ကျွန်ုပ်ကို ရှေ့သို့ အမြန်ပို့ဆောင်ကြပါ’ ဟု
ပြောဆို၏။ အကယ်၍ သူတော်ကောင်းမဟုတ်လျှင် ‘အိုး၊ ပျက်စီးရလေခြင်း။ ဤသူတို့သည်
မိမိကို မည်သို့သောနေရာသို့ ခေါ်ဆောင်သွားကြသနည်း’ဟု ပြောဆို၏။ လူသားမှအပ
အရာခပ်သိမ်းတို့သည် ထိုအသံကို ကြားရ၏။ အကယ်၍ လူသားသည် ထိုအသံကို ကြားခဲ့လျှင်သတိလစ်မေ့မြောသွားလိမ့်မည်။” [صحيح] [رواه البخاري]

တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်မှာ- သေသူ(၏အလောင်း)သည် ထမ်းစင်ပေါ်ထားခြင်းခံရပြီး ယင်းအား အမျိုးသားတို့ကမိမိတို့၏ပခုံးများပေါ်တွင် ထမ်း၍ သယ်ဆောင်သွားကြသောအခါ၊ ထိုသေသူသည်သူတော်ကောင်းဖြစ်လျှင် မိမိ၏ရှေ့တွင်ရှိသော နိအ်မသ်စည်းစိမ်သုခကိုမြင်တွေ့ရသောကြောင့် ‘ကျွန်ုပ်အား ရှေ့သို့ အမြန်ပို့ဆောင်ကြပါ’ ဟု ပြောဆို၏။ အကယ်၍သူတော်ကောင်းမဟုတ်လျှင် မိမိ၏ ရှေ့တွင်ရှိသော အဇားဗ်ပြစ်ဒဏ်ကို မြင်တွေ့ရသောကြောင့် ‘အိုး၊ ပျက်စီးရလေခြင်း။ ဤသူတို့သည် မိမိကို မည်သို့သောနေရာသို့ခေါ်ဆောင်သွားကြသနည်း’ဟု ကြောက်မက်ဖွယ်အသံဖြင့် အော်ဟစ်လိမ့်မည်။ လူသားမှအပအရာခပ်သိမ်းတို့သည် ထိုအသံကို ကြားရ၏။ အကယ်၍ လူသားတို့သည် ထိုအသံကို ကြားခဲ့လျှင်သတိလစ်မေ့မြောသွားလိမ့်မည်။

http://www.sunnah.global/hadeeth/my/show/3554